«CURRENT_DATE»

# လူထုကြားနာမှုဆိုင်ရာ

# အသိပေးစာ

«RESIDENT»
«ADDRESS»
«CITYSTATEZIP»

---

«CLIENT_NAME»
«BUSINESS_NAME»
«LICENSE_TYPE»

**«HEARING_DATE_LONG»**

သက်ဆိုင်သူထံသို့-

အထက်ပါလျှောက်ထားမှုကို အထက်ဖော်ပြပါအမည်ရှိ လျှောက်ထားသူ(များ)က ပြုလုပ်ခဲ့သည်။ ဤလျှောက်ထားမှုအတွက် «COMMITTEE_TYPE» နှင့် Milwaukee မြို့တော် ဘုံအကျိုးစီးပွားဆိုင်ရာကော်မတီထံမှ အတည်ပြုချက်ကို လိုအပ်သည်။ «COMMITTEE_TYPE» ရှေ့မှောက်၌ ကြားနာမှုကို «HEARING_DATE» တွင် «HEARING_LOCATION» ၌ ဆောင်ရွက်မည်ဖြစ်သည်။ ဤသည်မှာ လူထုကြားနာမှုတစ်ရပ်ဖြစ်သည်။ တရားစီရင်မှုလုပ်ငန်းစဉ်ကို ကြည့်ရှုလိုသူများအနေဖြင့် မြို့တော်ချန်နယ်ဖြစ်သည့် Spectrum ကေဘယ် ချန်နယ် 25 မှဖြစ်စေ၊ http://city.milwaukee.gov/citychannel တွင် အင်တာနက်မှဖြစ်စေ ထိုသို့ကြည့်ရှုနိုင်ပါသည်။ ဖုန်း သို့မဟုတ် အင်တာနက်မှတစ်ဆင့် နှုတ်ဖြင့်သက်သေထွက်ဆိုချက်ပေးရန် ဆန္ဒရှိသူများအနေဖြင့် လိုအပ်သောအချက်အလက်များကို သိရှိရန်အတွက် လက်ထောက်ဝန်ထမ်း Yadira Melendez ဖုန်းနံပါတ် (414) 286-2775 သို့မဟုတ် stasst5@milwaukee.gov သို့ ဆက်သွယ်ပေးစေလိုပါသည်။ ထိုသို့သောတောင်းဆိုမှုများကို အစည်းအဝေး မစတင်မီ ရုံးဖွင့်ရက်တစ်ရက်အလိုထက် နောက်မကျစေဘဲ တင်သွင်းပေးပါ။ သင်သည် ကြားနာမှုသို့ တက်ရောက်ရန် မလိုအပ်သော်လည်း သက်သေထွက်ဆိုချက်ပေးလိုပါက အောက်ပါအချက်အလက်များကို ကြည့်ပါ။ «COMMITTEE_TYPE» က ၎င်း၏အကြံပြုချက်ကို ပေးသည်နှင့် အဆိုပါအကြံပြုချက်ကို ပုံမှန်သတ်မှတ်ထားသည့် နောက်တစ်ကြိမ် ကြားနာမှုတွင် အတည်ပြုရန်အတွက် ဘုံအကျိုးစီးပွားဆိုင်ရာကောင်စီသို့ အပြည့်အစုံ ထပ်ဆင့်ပေးပို့သည်။

---

## အကြံပြုချိန်တွင် «ကော်မတီ_အမျိုးအစား» အား ထည့်သွင်းစဉ်းစားစေလိုသည့် အချက်အလက်များပေးရန် ဆန္ဒရှိသူများအတွက် အရေးကြီးသော အသေးစိတ်အချက်များ-

1. လိုင်စင်လျှောက်ထားမှုကို အထက်ဖော်ပြပါအချိန်တွင် ကြားနာစစ်ဆေးရန် စီစဉ်သတ်မှတ်ထားပါသည်။ စီစဉ်သတ်မှတ်ထားသည်ထက် အချိန်ပိုကြာသည့် အခြားသော ကြားနာမှုများကြောင့် သင်၏ သက်သေထွက်ဆိုချက်ကို ပေးရန် အချိန်အနည်းငယ် စောင့်ရနိုင်သည်။

2. သင်ကိုယ်တိုင်တွေ့ကြုံခဲ့ရသည့် သို့မဟုတ် မြင်တွေ့ခဲ့ရသည့် ကိစ္စရပ်များနှင့်စပ်လျဥ်း၍ လူကိုယ်တိုင် တက်ရောက်ပြီး သက်သေထွက်ဆိုရမည်။ (သင်သည် သင့်အိမ်နီးချင်း၊ မိဘ သို့မဟုတ် အခြားသူတစ်ဦးဦးအတွက် သက်သေခံချက် ပေး၍မရပါ။ ၎င်းကို တစ်ဆင့်စကားဟု ယူဆပြီး ကော်မတီအနေဖြင့် ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်ပါ။)

3. စာများ သို့မဟုတ် အသနားခံစာများကို ကော်မတီအနေဖြင့် လက်ခံခြင်းမပြုနိုင်ပါ (စာရေးသားခဲ့သည့်ပုဂ္ဂိုလ် သို့မဟုတ် အသနားခံစာကို လက်မှတ်ရေးထိုးခဲ့သည့် ပုဂ္ဂိုလ်များက ကော်မတီကြားနာမှုတွင် ရှိနေပြီး သက်သေခံရန် ဆန္ဒရှိခြင်းမှလွဲ၍)။

4. လိုင်စင်လျှောက်ထားမှုကို ကန့်ကွက်သော ပုဂ္ဂိုလ်များအား ဦးစွာသက်သေထွက်ဆိုရန် အခွင့်အရေးပေးသည်၊ ထောက်ခံသူများသည် ကန့်ကွက်သူများ အလှည့်ပြီးသွားလျှင် သက်သေထွက်ဆိုနိုင်သည်။

5. သက်သေထွက်ဆိုရန် ဆင့်ခေါ်ခံရသည့်အခါ သင့်အား ကျမ်းသစ္စာကျိန်ဆိုစေမည်ဖြစ်ပြီး သင့်အမည်နှင့် လိပ်စာကို ပြောပြခိုင်းပါလိမ့်မည်။ (သင်၏ အမည်ပထမစာလုံးနှင့်/ သို့မဟုတ် နောက်ဆုံးစာလုံးကို အသုံးမများပါက ကျေးဇူးပြု၍ ၎င်းတို့ကို စာလုံးပေါင်းပြပေးပါ)။

6. ထို့နောက် သင်သည် သက်သေထွက်ဆိုချက် ပေးနိုင်သည်။

က။ အထက်ပါလိုင်စင်လျှောက်ထားမှုနှင့်ဆက်စပ်သော အချက်အလက်များကိုသာ ထည့်သွင်းပါ။

ခ။ သင်ကိုယ်တိုင် မျက်မြင်တွေ့ခဲ့သည့် သို့မဟုတ် တွေ့မြင်ခဲ့သည့် အချက်အလက်များကိုသာ ထည့်သွင်းပါ။

ဂ။ ဤလုပ်ငန်းက သင့်ရပ်ကွက်၏ အေးချမ်းသာယာမှုကို
ထိခိုက်စေခဲ့ပုံ သို့မဟုတ် ထိခိုက်နိုင်ပုံကိုအသေးစိတ်ဖော်ပြထားသည့် တိကျပြီး သက်ဆိုင်သော အချက်အလက်များကို ပေးပါ။

ဃ။ သက်သေထွက်ဆိုရန် သင့်တွင် အခွင့်အရေးရှိသည့်အချိန်၌ သင်မျှဝေလိုသည့် အချက်အလက်ကို ကောင်မတီထံ ပေးထားပြီးသား ဖြစ်ပါက သင်သည် ယခင်သက်သေထွက်ဆိုချက်ကို သဘောတူကြောင်း ဆိုနိုင်သည်။ လိုသည်ထက်ပိုသော သို့မဟုတ် ထပ်ကာတလဲလဲဖြစ်သော သက်သေထွက်ဆိုချက်သည် ကော်မတီအနေဖြင့် အကြံပြုချက်ပေးသည့်အခါတွင် အထောက်အကူပြုမည်မဟုတ်ပါ။

7. သင်၏ သက်သေထွက်ဆိုချက်ကို ပေးပြီးနောက် လိုင်စင်များဆိုင်ရာကော်မတီ အဖွဲ့ဝင်များနှင့် လိုင်စင်ကိုင်ဆောင်ထားသူသည် သင်ပေးထားသည့် သက်သေထွက်ဆိုချက် သို့မဟုတ် လိုင်စင်လျှောက်ထားမှုနှင့်ဆိုင်သော အခြားအချက်များနှင့် စပ်လျဥ်း၍ သင့်အား မေးခွန်းများ မေးနိုင်သည်။

8. လုပ်ငန်းပြိုင်ဆိုင်မှုသည် လိုင်စင်ပယ်ချခံရခြင်း သို့မဟုတ် သက်တမ်းတိုး၍မရခြင်းအတွက် ခိုင်လုံသော အခြေခံအကြောင်းရင်းတစ်ခု မဟုတ်ပါ။

မှတ်သားရန်မှာ- သင်သည် အထက်ပါလျှောက်ထားမှုအတွက် ကန့်ကွက်ချက်ကို တင်ပြထားပါက ကြားနာမှုတွင် သင်ကိုယ်တိုင် သက်သေထွက်ဆိုခြင်း မရှိလျှင် သင့်ကန့်ကွက်ချက်ကို ကော်မတီက ထည့်သွင်းစဉ်းစား၍မရနိုင်ပါ။

မြန်မာစာ- အထက်ပါအသိပေးစာကို မြန်မာစာ ဖြင့် ပြန်လည်သုံးသပ်ရန် [LINK] သို့ ဝင်ကြည့်ပါ သို့မဟုတ် အောက်ပါပုံကို စကန်ဖတ်ပါ။